# F ဆေးကုသမှု

Fဆေးကုသမှု ထိပ်သို့

## 1 ဆေးကုသမှုအဖွဲ့အစည်း

### 1-2 ဆေးကုသမှုခံယူရန်

ဂျပန်နိုင်ငံ၌ဆေးကုသရာတွင်နိုင်ငံခြားဘာသာစကားတတ်ကျွမ်းနားလည်သောဆရာဝန်နှင့်ဆေးကုသမှုအဖွဲ့အစည်းမှာအလွန်ပင်နည်းပါးလှသည်။ထို့ကြောင့်ဂျပန်စကားနားလည်သူနှင့်အတူတကွသွားရန်။

ဘာသာရေးကြောင့် နေရေးထိုင်ရေးနှင့် ဆေးကုသမှုပေါ် အကန့်အသတ်ရှိသည့်အခါနှင့် ဓါတ်မတည့်သော ဆေးနှင့်အစာများရှိပါက ကောင်တာတွင်(သို့)သူနာပြုထံကြိုတင်ပြောပြရန်။

**(1)ဆေးကုသရာတွင်လိုအပ်သောအရာများ**

ကျန်းမာရေးအာမခံကတ်ကိုဆေးခန်း(သို့) ဆေးရုံသွားချိန်တွင်ယူဆောင်သွားပါက ကုန်ကျစရိတ်၏ အနည်းငယ်သာ ပေးဆောင်ရုံနှင့် ဆေးကုသမှုခံယူနိုင်သည်။ အာမခံကတ်ကိုယူမဆောင်သွား(သို့) အာမခံဝင်မထားပါက ကုန်ကျစရိတ်အားလုံးကို ပေးဆောင်ရပေမည်။အလွန်ပင်ကုန်ကျလိမ့်မည်ဖြစ်ပါသည်။

ထို့အပြင် နေထိုင်ခွင့်ကတ်ပြား၊ အထူးရာသက်ပန်ထိုင်ခွင့်ထောက်ခံစာ၊ နိုင်ငံကူးလက်မှတ်စသည့် သက်သေခံအထောက်အထား ယူဆောင်သွားသင့်သည်။ သောက်နေသောဆေးရှိပါက ၎င်းဆေးပါယူဆောင်သွားရန်။

ကျန်းမာရေးအာမခံနှင့်ပတ်သက်၍ 4 အများပြည်သူဆိုင်ရာကျန်းမာရေးအာမခံ၊ 4-2 ကျန်းမာရေးအာမခံ(3)၊ 4-3 ပြည်သူ့ကျန်းမာရေးအာမခံ(3)တွင် လေ့လာနိုင်ပါသည်။

| | | | |
|---|---|---|---|
| 1 ကျန်းမာရေးအာမခံကတ် | 2 နေထိုင်ခွင့်ကတ်ပြား(သို့) နိုင်ငံကူးလက်မှတ် | 3 ယခုသောက်နေသောဆေးစသည့် | 4 ဆရာဝန်၏ မိတ်ဆက်စာ(ရှိရင်) |









### (2) ဆေးခန်းဖွင့်ချိန်

ဆေးခန်းဆေးရုံဆေးဌာနပေါ် မူတည်ပြီးကွဲပြားခြားနားသည်။ပုံမှန်အားဖြင့်တနင်္လာမှသောကြာနေ့၏နံနက်ပိုင်းနှင့်ညနေခင်းပိုင်း စနေနေ့၏နံနက်ပိုင်းတွင်ဖွင့်ပါသည်။တနင်္ဂနွေနေ့နှင့်အစိုးရရုံးပိတ်ရက်များတွင်အများအားဖြင့်ပိတ်လေ့ပိတ်ထရှိပါသည်။ ထို့ကြောင့်ကြိုတင်ဖုန်းဆက်မေးမြန်းပါ။ဖွင့်ပိတ်ချိန်လွန်၍ဆေးခန်းသွားလိုပါက

2-2 အရေးပေါ် -ညပိုင်းပိတ်ရက် ကိုကြည့်ပါ။

ဥပမာ

| | 月(げつ) Mon | 火(か) Tue | 水(すい) Wed | 木(もく) Thu | 金(きん) Fri | 土(ど) Sat | 日(にち) Sun |
|---|---|---|---|---|---|---|---|
| 午前(ごぜん) morning | ○ | ○ | ○ | ○ | ○ | ○ | × |
| 午後(ごご) afternoon | ○ | ○ | ○ | × | ○ | × | × |

ဆေးရုံ၏အပေါက်ဝတွင်ဖွင့်ပိတ်ချိန် ဇယားကိုချိန်ထားပါသည်။Xကပိတ်ရက်ဖြစ်သည်။ဥပမာ။ ။ဤဇယားမှာကြာသပတေးနေ့နှင့် စနေနေ့၏ ညနေခင်း၊ တနင်္ဂနွေနေ့က ပိတ်ရက်ဖြစ်သည်။

အစိုးရရုံးပိတ်ရက်တွင်ပိတ်သည်။

### (3)ဆေးရုံဆေးခန်းနှင့်ဆေးကုသမှုအဖွဲ့အစည်းကိုရှာဖွေနည်း

ကိုယ်နေထိုင်သောပတ်ဝန်းကျင်မြို့နယ်မှ ထုတ်ဝေသော ကြေငြာစာစောင်၊ အင်တာနက်၊ ဖုန်းစာအုပ်များမှ တဆင့်ရှာဖွေနိုင်ပါသည်။ အိမ်နီးနားချင်းကိုလည်းမေးနိုင်ပါသည်။

ဂျပန်စကားနားမလည်မကျွမ်းကျင်သူများ အဖို့ မိမိပတ်ဝန်းကျင်တွင်ရှိသောနိုင်ငံတကာကူးလူးဆက်ဆံရေးအဖွဲ့နှင့် ဆွေးနွေး တိုင်ပင်ပြီးနိုင်ငံခြားဘာသာစကားနားလည်သော ဆေးရုံများကို ရှာဖွေ၊ မိတ်ဆက်ခြင်းများ ခံယူနိုင်ပါသည်။

ဂျပန်စကားအခက်အခဲရှိသူများအောက်တွင်ဖော်ပြထားသောဖုန်းနံပါတ်များမှာသို့ဆက်သွယ်နိုင်ပါသည်။

| NPO အဖွဲ့အစည်း AMDA နိုင်ငံတကာဆေးကုသမှုသတင်းဌာန |
|---|
| နိုင်ငံခြားဘာသာစကားဖြင့် ဆေးကုသမှုခံယူနိုင်သော ဆေးကုသမှုအဖွဲ့အစည်းကို မိတ်ဆက်ခြင်းနှင့် ဆေးကုသခြင်းနှင့် ပြုစုစောင့်ရှောက်မှုစနစ်ကို ရှင်းပြခြင်း ကို ဆောင်ရွက်ပေးနေသည်။ |

| တိုကျိုမြို့ | | |
|---|---|---|
| နိုင်ငံခြားဘာသာစကားဖြင့်ကုသလို့ရသောဆေးကုဌာနနှင့်ဂျပန်၏ဆေးကုသမှုစနစ်ကိုဘာသာစကားအမျိုးမျိုးဖြင့်ရှင်းပြသည်။ | | |
| တိုကျိုကျန်းမာရေးစင်တာ (ဟီမဝရီ) TEL 03-5285-8181 | ဘာသာစကား | အင်္ဂလိပ်၊တရုတ်၊ကိုရီးယား၊ထိုင်း၊စပိန်...နေ့စဉ်၉း၀၀မှ၂၀း၀၀ |

# F ဆေးကုသမှု

Fဆေးကုသမှု ထိပ်သို့

| | | |
|---|---|---|
| အရေးပေါ်စကားပြန်ဝန်ဆောင်မှု<br>TEL<br>03-5285-8185 | ဘာသာစကား | အင်္ဂလိပ်၊တရုတ်..တနင်္လာမှသောကြာ ၁၇း၀၀မှ နောက်နေ့မနက် ၀၉း၀၀ ၊ စနေ၊<br>တနင်္ဂနွေ၊အစိုးရပိတ်ရက် ၉း၀၀မှ နောက်နေ့မနက် ၀၉း၀၀<br>တောင်ကိုရီးယား-ကိုရီးယား၊ ထိုင်း၊ စပိန်.. တနင်္လာမှသောကြာ ၁၇း၀၀မှ ၂၀း၀၀ ၊ စနေ၊<br>တနင်္ဂနွေ၊အစိုးရပိတ်ရက် ၉း၀၀မှ ၂၀း၀၀<br>※ဖုန်းစကားပြန်ဝန်ဆောင်မှု(ဆေးရုံသွားပြချိန်နှင့် ဆေးကုသမှုခံယူချိန်သာ) |
| တိုကျိုမြို့ဆေးကုဌာနဝန်ဆောင်မှု(ဟိမဝရီ) https://www.himawari.metro.tokyo.jp/qq13/qqport/tomintop/<br>မှနိုင်ငံခြားဘာသာအသုံးပြုနိုင်သောဆေးရုံကိုရှာနိုင်သည်။ | | |

| | | |
|---|---|---|
| NPOအဖွဲ့အစည်း Services for the Health in Asian and African Regions (SHARE) | | |
| နိုင်ငံခြားသားများအတွက် အခမဲ့ကျန်းမာရေးဆွေးနွေးနိုင်ပါသည်။ | | |
| နိုင်ငံခြားသားကျန်းမာရေးဆွေးနွေးမှု<br>TEL<br>050-3424-0195(တိုက်ရိုက်) | ဘာသာစကား | ဂျပန်၊အင်္ဂလိပ်...တနင်္လာမှသောကြာ ၁၀း၀၀မှ၁၇း၀၀<br>ဂျပန်ရောက်နိုင်ငံခြားသားများ၏ကျန်မာရေးအပြင်ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံ၏<br>အေအိုင်ဒီအက်စ်ရောဂါ၊ထိုင်းကိုအစပြုပြီးနိုင်ငံရပ်ခြားများ၏ဆေးကုသမှုကျန်မာရေး<br>အချက်အလက်များရရှိနိုင်သည်။ |
| ထိုင်းဘာသာအေအိုင်ဒီအက်စ်ဆွေးနွေးမှု<br>TEL<br>080-3791-3630 | ဘာသာစကား | ထိုင်း...ကြာသပတေး ၉း၀၀မှ၁၆း၀၀၊စနေ ၁၇း၀၀မှ၂၂း၀၀<br>တဝမ်(ဂျပန်ရောက်ထိုင်းလူမျိုးများ၏ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့) |

| | | |
|---|---|---|
| NPOအဖွဲ့အစည်း　ASIAN PEOPLE'S FRIENDSHIP SOCIETY(A.P.F.S) | | |
| ဆေးကုသမှု၊ပညာရေး၊အခွန်၊မတော်တဆထိခိုက်ဒဏ်ရာများအပြင်အခြားသောနေရေးထိုင်ရေးနှင့်ဆိုင်သောအခက်အခဲဆွေးနွေးမှုများလက်ခံသည်။ | | |
| ဆွေးနွေးမှုအတွက်ကြိုတင်<br>ဖုန်းဆက်ရန်လိုအပ်သည်။<br>TEL<br>03-3964-8739<br>(တနင်္လနေ့မှ သောကြာနေ့အထိ<br>၁၁း၀၀မှ၁၈း၀၀) | ဘာသာစကား | အင်္ဂလိပ်၊တရုတ်၊ကိုရီးယား၊ဖိလစ်ပိုင်၊ပြင်သစ်၊မြန်မာ၊ဘင်္ဂါလီ၊အူရဒူ၊အီရန်<br>ဆွေးနွေးရန်နေ့ - စနေနေ့ (တစ်ပတ်ခြား) ၊ ကြားရက် (နေ့စဉ်)<br>(တခြားနေ့များတွင်ဆွေးနွေးလိုပါကရုံးတာဝန်ရှိသူနှင့်ညှိနိုင်းပါ) |